SAC-M SPECIAL ADVISORY COUNCIL MYANMAR

Special Advisory Council for
MYANMAR

# တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်သစ်ကူးဆန္ဒထုတ်ဖော်မှုသည် မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီအရေးခုခံလှုပ်ရှားမှုမှာ အင်အားကောင်းကြောင်း ပြသလျက်ရှိသည်။

နေ့စွဲ ။ ။ ၁၅၊ ဧပြီလ၊ ၂၀၂၂။

မြန်မာနိုင်ငံတွင် သင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာ ခုခံတော်လှန်မှုကြီးသည် စစ်အာဏာသိမ်းမှုကို နှစ်သစ်တွင်လည်း ဒီမိုကရေစီအရေး ခုခံလှုပ်ရှားမှုများ ဆက်လက်ပြုလုပ်သွားမည်ဆိုသော ပြင်းထန်အားကောင်းသည့် သတင်းစကား ပေးလျက်ရှိသည်။ အဆက်မပြတ်တိုက်ခိုက်ချေမှုန်းခံနေရသော်လည်း စစ်အာဏာရှင်အား ခုခံတော်လှန်မှုသည် အခိုင်အမာ ဆက်လက်တည်ရှိနေပြီး အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီအတွက် အခြေခံအုတ်မြစ်များချလျက်ရှိသည် ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ ပြောကြားသည်။

မြန်မာနိုင်ငံတွင် နှစ်ဟောင်းမှ အပြစ်များကို ဆေးကြောသန့်စင်ရန်နှင့် နှစ်သစ်ကို ကြိုဆိုသည့်အနေဖြင့် ကျင်းပသော အတာအကြိုနေ့ရက်များတွင် ပုံမှန်အားဖြင့် လူအများရေကစားခြင်းဖြင့် စည်ကားလျက်ရှိခဲ့သောလမ်းများသည် ရက်အတော်ကြာ ခြောက်ကပ်လျက်ရှိသည်။ နှစ်သစ်ကူးနေ့မှာ ဧပြီလ ၁၇ ရက်၊ တနင်္ဂနွေနေ့တွင် ကျရောက်သည်။

ခြောက်ကပ်လျက်ရှိသော လမ်းများသည် လွန်ခဲ့သောနှစ်တွင် အာဏာသိမ်းခဲ့ပြီး မြန်မာနိုင်ငံ၏ အခြေအနေမှာ ပုံမှန် လည်ပတ်လျက်ရှိနေသည်ဆိုသောအမြင်ကို ပုံဖော်နိုင်ရန်ကြိုးပမ်းလျက်ရှိသော စစ်အာဏာရှင်အား နိုင်ငံတစ်ဝှမ်း ခုခံတွန်းလှန်မှု ဆိုင်ရာ လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။ စစ်အာဏာရှင်သည် သင်္ကြန်ပွဲတော်များတွင် လူစည်ကားစေရန် ၎င်း၏ ဝန်ထမ်းများအား ပါဝင်ဆင်နွှဲစေရန် ဖိအားပေးခဲ့သည်ဟု ထုတ်ပြန်ခဲ့ကြသည်။

**“မြန်မာနိုင်ငံမှာ နှစ်သစ်ကူးသပိတ်မှောက်မှုတွေကတဆင့် ပြည်သူတွေဟာ ဒီမိုကရေစီအရေး ခုခံတွန်းလှန်မှုကို ဆက်လက်လုပ်ဆောင်နေတယ်ဆိုတဲ့ အားကောင်းတဲ့ သတင်းစကားကို ပေးနေတယ်။”** ဟု မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေး ကောင်စီမှ Chris Sidoti က ပြောကြားခဲ့သည်။ **“စစ်တပ်က အခြေအနေတွေ ပုံမှန်ပြန်ဖြစ်နေပြီလို့ ပြချင်တယ်။ ဒါပေမယ့်လည်း မြန်မာပြည်သူတွေရဲ့ ဒီသပိတ်မှောက်မှုတွေက အခြေအနေတွေ ပုံမှန်မဟုတ်ဘူးဆိုတာကို ရှင်းရှင်းလင်းလင်း ဖော်ပြနေတယ်။”**

ဧပြီလ အစောပိုင်းတွင်ပင် စစ်အာဏာရှင်၏ တပ်ဖွဲ့များမှ မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများမှ မြို့နယ်များရှိ ရာပေါင်းများစွာသော နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း ထုတ်ပြန်ခဲ့ကြသည်။ အာဏာသိမ်းမှုအား ဒေသခံများမှ ပြင်းပြင်းထန်ထန် ခုခံတော်လှန်နေမှုကို ချေမှုန်းရန်ကြိုးပမ်းရာတွင် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတစ်လျှောက် စစ်အာဏာရှင်၏ တပ်ဖွဲ့များမှ မီးရှို့ဖျက်ဆီးမှုများကို လနှင့်ချီ၍ ပြုလုပ်ခဲ့သည်။

သင်္ကြန်မတိုင်မီရက်များတွင် အရှေ့တောင်ပိုင်းရှိမဟာမိတ်ပြုထားသည့် ဒီမိုကရေစီတော်လှန်ရေး အင်အားစုများကို စဉ်ဆက်မပြတ် တိုက်ခိုက်ချေမှုန်းရန်အတွက် လေကြောင်းစစ်ဆင်ရေးဆိုင်ရာ အစိတ်အပိုင်းတစ်ခုအဖြစ် ကရင်အမျိုးသား အစည်းအရုံး(KNU)၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ကရင်ပြည်နယ် လေးကေကော်မြို့တွင် အရပ်သားပြည်သူများကို ပစ်မှတ်ထား၍

ပြင်းထန်သော လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများကို စစ်အာဏာရှင်၏ တပ်ဖွဲ့များမှ ပြုလုပ်ခဲ့သည်။

စစ်အာဏာရှင်၏ တပ်ဖွဲ့များသည် လွန်ခဲ့သောနှစ် အာဏာသိမ်းမှုပြုလုပ်ခဲ့သည့် အချိန်မှစ၍ အရပ်သားပြည်သူများအပေါ် စဥ်ဆက်မပြတ်၊ ကျယ်ပြန့်သော စနစ်တကျတိုက်ခိုက်မှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်မှုများကို ရက်ရက်စက်စက် ထပ်ဖန်တလဲလဲ ကျူးလွန်ခဲ့သည်။ ထိုတိုက်ခိုက်မှုများသည် ဘဝ၊ အသက်များကို ဖျက်ဆီးဆုံးရှုံးစေခဲ့သော်လည်း တိုင်းပြည်အတွင်း စစ်ပ်မှ ပိုမိုထိန်းချုပ်နိုင်မှုကို ရရှိနိုင်ခြင်း မရှိပေ။

**"မြန်မာနိုင်ငံအတွင်း စစ်အာဏာရှင်ဆန့်ကျင်တဲ့ ဒီမိုကရေစီအရေး ခုခံတော်လှန်မှုက လွန်ခဲ့သောနှစ်အတွင်း ခိုင်ခိုင်မာမာ ဖြစ်တည်ခဲ့တယ်။ တကယ်ပဲ မြန်မာနိုင်ငံမှာ စစ်တပ်ရဲ့ ထိန်းချုပ်မှုအောက်ရှိတဲ့ နေရာဒေသတွေဟာ လွန်ခဲ့သော ဆယ်နှစ်လနဲ့ ယှဥ်ရင် အခုအချိန်မှာ တော်ကို လျော့နည်းသွားပြီ။"** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ Marzuki Darusman က ပြောကြားခဲ့သည်။ **"ယူကရိန်းအခြေအနေလိုပဲ၊ စစ်အာဏာရှင်အနေနဲ့ လွန်ခဲ့တဲ့နှစ် ဖေဖော်ဝါရီလ အကြောင်းမလှခဲ့တဲ့ အာဏာသိမ်းမှုအပြီး မကြာခင်ရက်များအတွင်းမှာပဲ ပြည်သူတွေကိုအနိုင်ယူနိုင်ဖို့ မျှော်လင့်ခဲ့တယ်။ ဒါဟာ ဆိုးရွားတဲ့ အမှားကြီးတစ်ခုပဲ။"**

သကြိန်ကာလ ဧပြီလ ၁၆ ရက်နေ့၊ စနေနေ့တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီမှ အမျိုးသားညီညွတ်ရေး အစိုးရ(NUG) ကို ဖွဲ့စည်းခန့်အပ်ခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။ တိုင်ရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC)၊ နိုင်ငံရေးပါတီများနှင့် ဆန္ဒပြအစုအဖွဲ့များနှင့်အတူ ထိုအဖွဲ့အစည်းများသည် စစ်အာဏာရှင်၏ တိုက်ခိုက်မှုများအား အစဥ်မပြတ် ခံစားနေရသော်လည်း ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဥ်နှင့်အညီ အနာဂတ်မြန်မာနိုင်ငံအား ပုံဖော်ရန် လုပ်ဆောင်ကြလျက်ရှိသည်။

**"အမျိုးသားညီညွတ်ရေးအစိုးရကို လွန်ခဲ့တဲ့ တစ်နှစ်ကျော်က ဖွဲ့စည်းခဲ့တယ်။ အဲ့ဒီအချိန်ကစပြီးတော့ အမျိုးသားညီညွတ်ရေးအစိုးရဟာ ကာလရှည်ကြာ မြန်မာနိုင်ငံကို ဖျက်ဆီးနေတဲ့ ပြစ်ဒဏ်ကင်းလွတ်နေမှုကို အဆုံးသတ်ဖို့ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးရဲ့ တရားစီရင်ပိုင်ခွင့်ကို လက်ခံခြင်းစတဲ့ မြန်မာနိုင်ငံအတွင်းမှာ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ အတွက် အခြေခံအုတ်မြစ်ချဖို့အတွက် အရေးကြီးတဲ့ အဆင့်တွေကို လုပ်ဆောင်ခဲ့တယ်။"** ဟု မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီမှ Yanghee Lee က ပြောကြားခဲ့သည်။ **"ဒီပုံဖော်မှုမှာ လိုအပ်နေတဲ့အရာကတော့ မြန်မာနိုင်ငံရှိ ပြည်သူတွေအတွက် နိုင်ငံတကာအထောက်အပံ့ပဲ ဖြစ်ပါတယ်။ အဲ့ဒါက ဘယ်မှာလဲ။"**

မြန်မာနိုင်ငံအနေဖြင့် မျှော်လင့်ချက်များ သစ်လွင်သော နှစ်သစ်သို့ ဝင်ရောက်လာချိန်တွင် နိုင်ငံတကာအသိုင်းအဝိုင်း အနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရကို မြန်မာနိုင်ငံ၏တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုရန် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ တောင်းဆိုသည်။ နိုင်ငံတကာမှ လက်ခံထားသည့် စံသတ်မှတ်ချက်များအရ အမျိုးသားညီညွတ်ရေး အစိုးရသည် မြန်မာနိုင်ငံ၏ အစိုးရတစ်ရပ်အဖြစ် အသိအမှတ်ပြုမှုရရှိရန် ထိုက်တန်ပေသည်။ အာဏာသိမ်းမှုနောက်ပိုင်း အမေရိကန် အစိုးရမှ ပိတ်ပင်ထိန်းချုပ်လိုက်သည့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဘီလျံကို အမျိုးသားညီညွတ်ရေးအစိုးရမှ လက်လှမ်းမီ ရရှိနိုင်ခွင့်အပါအဝင် နိုင်ငံများအနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရအား နိုင်ငံရေးနှင့် ငွေကြေးဆိုင်ရာ အထောက်အပံ့များ ပိုမို တိုးမြှင့်ပေးရပေမည်။

မြန်မာနိုင်ငံအတွင်း စစ်အာဏာရှင်ကြောင့် ဖြစ်ပေါ်လာသည့် လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်းများအား

ထိရောက်စွာ ဖြေရှင်းနိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများမှ ထောက်ပံ့ရေးလမ်းကြောင်းများအား အမျိုးသားညီညွတ်ရေးအစိုးရနှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများမှတစ်ဆင့် မြန်မာနိုင်ငံသို့ နယ်စပ်ဖြတ်ကျော်အကူအညီများအား နိုင်ငံများအနေဖြင့် ပိုမိုတိုးမြှင့်ပေးရမည်။

နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံသို့ ကမ္ဘာတစ်ဝှမ်းမှ လက်နက်ရောင်းချမှုများကို အလုံးစုံပိတ်ဆို့ခြင်းကို ပြဋ္ဌာန်းကျင့်သုံးရန်၊ စစ်အာဏာရှင်၏ အကြီးတန်းအဖွဲ့ဝင်များနှင့် စစ်တပ်နှင့် ဆက်စပ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအပေါ် စီးပွားရေးပိတ်ဆို့မှုများ ပစ်မှတ်ထားလုပ်ဆောင်ရန်နှင့် မြန်မာနိုင်ငံအတွင်းရှိ အခြေအနေများအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့ တင်သွင်းခြင်းဖြင့် စစ်အစိုးရအပေါ် ကမ္ဘာလုံးဆိုင်ရာ ဖြတ်သုံးဖြတ်နည်းဗျူဟာကို ကျင့်သုံးရန် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ တောင်းဆိုသည်။